ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
First Private Bank
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

# အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားခြင်း

ရက်စွဲ ၁၇-၃-၂၀၂၆

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့၏(၂၈-၂-၂၀၂၆)ရက်နေ့တွင်ပြုလုပ်သည့် (၂/၂၀၂၆)ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ဘဏ်၏ မတည်ငွေရင်း(Paid-up Capital) တိုးမြှင့်ရန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်ခွဲများဖွင့်လှစ်ရာတွင် လိုအပ်သည့် မတည်ငွေရင်းထည့်ဝင်ရန်အတွက် ပထမပုဂ္ဂလိကဘဏ်၏ မခွဲဝေရသေးသော အမြတ်လက်ကျန် ( Retained Earnings )မှ အစုရှယ်ယာရှင်များကို ဆုကြေးရှယ်ယာ (Bonus Share)ကို အောက်ပါစည်းကမ်းချက်များသတ်မှတ်၍ ခွဲဝေပေးရန် ဆုံးဖြတ်ကြပါသည်။

(၁) အစုရှယ်ယာ(၂၀)စု ပိုင်ဆိုင်ထားသည့် အစုရှယ်ယာရှင်များကို ဆုကြေးရှယ်ယာ (Bonus Share) (၁)စု ခွဲဝေပေးရန်၊

(၂) ဆုကြေးရှယ်ယာ(Bonus Share) ပေးအပ်မည့် အစုရှယ်ယာတစ်စုတန်ဖိုးကို ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ တစ်စုလျှင် ကျပ်၃၅၀၀/-(ကျပ်သုံးထောင်ငါးရာတိတိ) သတ်မှတ်ရန်၊

(၃) ဆုကြေးရှယ်ယာ (Bonus Share) ကို ဘဏ်၏ လက်ရှိထုတ်ဝေထားသည့် အစုရှယ်ယာများနှင့် အမျိုးအစားတန်းတူသတ်မှတ်ရန်၊

(၄) ဆုကြေးရှယ်ယာ (Bonus Share) ခွဲဝေပေးရာတွင် အစုရှယ်ယာ(၂၀)စု မပြည့်မီခြင်း (သို့) စားကြွင်းမပြတ်သော အစုရှယ်ယာများအတွက် ခံစားခွင့်မပြုရန်၊

၂။ အစုရှယ်ယာရှင်များအနေဖြင့် (၂၀)လီစိတ်အချိုး ပြည့်မီစေရန် အစုရှယ်ယာများ ဝယ်ယူနိုင်ရန် ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ရှယ်ယာအရောင်းအဝယ်ပြုရမည့် နောက်ဆုံးရက် (၃၁-၃-၂၀၂၆) (Last Day to Trade) မတိုင်မီ ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်၍ အစုရှယ်ယာရှင်များအနေဖြင့် ရှယ်ယာဝယ်ယူနိုင်မည့် အရေးကြီးသောရက်များအား သိရှိနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

| အကြောင်းအရာ | အတည်ပြုနေ့ရက်များ |
|---|---|
| ဆုကြေးရှယ်ယာ ( Bonus Share ) ခံစားခွင့်ရှိရန် နောက်ဆုံးရက် (Last Day to Trade) | ၃၁-၃-၂၀၂၆ |
| ဆုကြေးရှယ်ယာ(Bonus Share) ခံစားခွင့်မရရှိသော အစုရှယ်ယာများဝယ်ယူသည့်ရက် (Ex Date) ***အစုရှယ်ယာဈေးနှုန်း(Base Price) ပြောင်းလဲသတ်မှတ်ပါမည်။** | ၂-၄-၂၀၂၆ |
| ဆုကြေးရှယ်ယာ(Bonus Share) ခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) | ၆-၄-၂၀၂၆ |
| ဆုကြေးရှယ်ယာ(Bonus Share) အစုရှယ်ယာထုတ်ပေးမည့်ရက် (Bonus Share Issue Date) | ၉-၄-၂၀၂၆ |

ရန်ကုန်စတော့အိပ်ချိန်း(YSX)မှ (၆-၄-၂၀၂၆)နေ့စွဲဖြင့် အတည်ပြုပေးပို့မည့် အစုရှယ်ယာရှင်များ စာရင်းကို စိစစ်ပြီးပါက ဆုကြေးရှယ်ယာ ( Bonus Share ) ပေးအပ်ရမည့် ရှယ်ယာအရေအတွက်နှင့် ငွေပမာဏစုစုပေါင်းကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့